

ဘာသာပြန် စာရေးဆရာ - 8Black Hands

# သက်တန့်ရောင်မိန်းမပျို

## (ယွီရှောင်ချောင်း)

## (Chapter 575 - 588)

စာစဉ် - ၄၂

# အပိုင်း ၅၇၅
# အကောင်းဆုံးထောင်ချောက်

"ရေတွင်းက ရေတွေကို သုံးလို့ရတယ်ဆိုတော့ နောက်ကျရင် ကျွန်တော်တို့ မြင်းတွေကို အဲ့ကရေနဲ့ပဲ ရေချပေးလို့ရပြီ!"

တပ်မှူးလျိုက ရေတွင်းထဲကရေကို သောက်ကြည့်ကာ သဘောတူတဲ့အနေနဲ့ ခေါင်းညိတ်ပြလိုက်သည်။

သူတို့အုပ်စု မြင်းစောင်းဆီ ပြန်ရောက်တဲ့အခါမှာ အဖျားနာဆုံးဖြစ်ခဲ့တဲ့ မြင်းအနီရောင်လေးက ပြန်ပြီး မတ်တပ်ရပ်နိုင်နေပြီ ဖြစ်သည်။ သူ့ရဲ့အစာစားချင်စိတ်လည်း အတော်လေး ကောင်းသွားပြီဖြစ်ပြီး ပို့ပေးတဲ့ အထူးမြင်းစာတွေ အားလုံးကို ကုန်အောင်စားထားသည်။ ဒါ့အပြင် သူက နောက်ထပ် စားချင်သေးတဲ့ပုံပင် ပေါက်နေလေသည်။ တခြားနေမကောင်းတဲ့ မြင်းတွေကလည်း မြင်းစာခွက်ထဲမှ ရေကို သောက်သုံးပြီးနောက် အစာစစားကြသည်။ သို့ပေမယ့် သူတို့က အထူးမြင်းစာကိုသာ စိတ်ဝင်စားကြပြီး ကျန်တဲ့စားစရာတွေကို မနှစ်မြို့ကြပုံပင်။

"အရမ်း ဂျေးများကြတာပဲ!"

သမားတော်ဝမ်က မြင်းတစ်ကောင်ဆီကို လက်နဲ့ ပွတ်သပ်ပေးလိုက်ပြီး နောက်ဆုံးမှာတော့ သူ့ရဲ့ပိန်လှီခြောက်သွေ့ကာ အိုစာနေတဲ့ မျက်နှာထက်၌

အပြိုးယောင်ယောင်လေး သန်းသွားခဲ့သည်။ သူ့အတွက်တော့ မြင်းတစ်ကောင် နေကောင်းသွားတာလောက် ဘယ်အရာကမှ သူ့ကို ပျော်ရွှင်အောင် မလုပ်နိုင်ပေ။

"သခင်၊ တပ်မှူး!"

မြင်းစာအသစ်ကို စမ်းသပ်ဖို့ စေလွှတ်ခြင်းခံရတဲ့ ကျွန်းချွင်က စိတ်လှုပ်ရှားစွာနှင့် အပြေးပြန်လာသည်။

"ဒီမြင်းစာက မြင်းတွေကို မွှားခေါ်တဲ့နေရာမှာ တော်တော်လေး ထိရောက်တယ်။ ကျွန်တော် အကြိမ်အနည်းငယ်လောက် စမ်းသပ်ကြည့်တော့ သူက မီတာငါးရာဝန်းကျင်အတွင်းပဲ သက်ရောက်မှု ရှိတာ။ ဒီထက်ပိုဝေးရင် သူ့အာနိသင်က တစ်ဝက်လောက် လျော့သွားတယ်! ပြီးတော့ မြင်းတွေက ဒီမြင်းစာကို စားရတာ တကယ်ကြိုက်တဲ့ပုံပဲ။ ဒီငယ်သား မြင်းတစ်ကောင်ဆီကနေ နည်းနည်းလောက် လုဖို့ ကြိုးစားကြည့်တာ အကိုက်ခံရတော့မလို့!"

"ထိရောက်ရင် ပြီးတာပါပဲ! ကောင်မလေး၊ မင်း ပြန်သွားတဲ့အခါကျရင် ဒီလိုမြင်းစာတွေ များများ လုပ်ခဲ့နော်။ မနက်ဖြန်ကျရင် ဒီမင်းသားက မင်းကို မြင်းရိုင်းတွေဖမ်းဖို့ ခေါ်သွားပေးမယ်! စောနက ဟိုမြင်းခေါင်းဆောင်ကို မင်း သဘောကျနေတာမလား? သူ့ကို စီးတော်မြင်းလုပ်ဖို့ ဒီမင်းသားက ယဉ်ပါးအောင် လုပ်ပေးမယ်!"

ဒီနေ့ ရှောင်ချောင်းက မြင်းခြံအတွက် တော်တော်များများ လုပ်ပေးခဲ့သည်။ အကင်းပါးတဲ့ မြင်းရိုင်းတွေအား ဖမ်းဆီးရမယ့် ပြဿနာကို ဖြေရှင်းပေးခဲ့ရုံသာမက ခြံက နေမကောင်းဖြစ်နေတဲ့ မြင်းတွေကိုလည်း ကူညီကုသပေးခဲ့သည်။ ဒါတွေအားလုံးက သူမနဲ့ တစ်ခုခု ပတ်သက်နေမယ်ဆိုတာ သူ အသေအချာ သိနေသည်။ အရမ်းနေမကောင်း ဖြစ်နေတဲ့ မြင်းအနီ

ရောင်လေးအား ပေးတဲ့ မြင်းစာကို သူမ တစ်ခုခု လုပ်လိုက်တယ်ဆိုတာ သေချာသည်။

ဒီကောင်မလေးက မြင်းရိုင်းတွေကို ဖမ်းဖို့ အတော်လေး စိတ်ဝင်စားနေတယ် ဆိုတာ ကျူးကျွင်းယန် ပြောနိုင်သည်။ ဆုချတဲ့အနေနဲ့ သူက သူမရဲ့ ဆန္ဒတွေကို ဖြည့်ဆည်းပေးဖို့ရန်အတွက် အပြင်ထွက်ကစားဖို့ ခေါ်သွားပေးရမည်!

နောက်တစ်နေ့ အရုဏ်တက်ချိန်၌ ကျူးကျွင်းယန်နဲ့ တပ်မှူးလျိုတို့က အဖွဲ့နှစ်ဖွဲ့ခွဲကာ မြက်ခင်းပြင်နက်ထဲသို့ ဦးတည်လိုက်ကြသည်။ ကျူးကျွင်းယန်ရဲ့ ပန်းတိုင်က မြင်းရိုင်းအုပ်နဲ့ တွေ့ဖို့ပင်။ သူတို့တွေ ထွက်ခွာတဲ့အခါမှာ ဟိုရှောင်လျန့်နဲ့ အထိန်းတော်လျိုတို့ အပါအဝင် ယုံကြည်ရတဲ့ လက်ထောက်တချို့ကိုပဲ ခေါ်သွားခဲ့သည်။

သူတို့တွေ နောက်ဆုံးတစ်ခေါက် သွားခဲ့တုန်းက ထိုမြင်းအုပ်ကို လန့်အောင်လုပ်ခဲ့မိပေမယ့် သူတို့မျက်နှာတွေကို မြင်းတွေဆီ မပြခဲ့တာကြောင့် ခြိမ်းခြောက်သလိုတော့ မဖြစ်ခဲ့ပေ။ ထို့ကြောင့် သူတို့က ထိုချိုင့်ဝှမ်းလေးဆီကိုပဲ နောက်တစ်ကြိမ် ပြန်သွားလိုက်သည်။ ကျူးကျွင်းယန်က ချိုင့်ဝှမ်းရဲ့ ကွင်းပြင်နဲ့ မဝေးတဲ့နေရာမှာ ထောင်ချောက်ဆင်ဖို့ ဆုံးဖြတ်လိုက်သည်။ ထိုတဝိုက်မှာ သက်တမ်းရင့် သစ်ပင်တချို့ ရှိပြီး စိမ်းလန်းစိုပြည်တဲ့ သစ်ကိုင်းတွေ ဖြာယှက်နေကာ ပြီးပြည့်စုံတဲ့ အကာအရံတစ်ခုအဖြစ် တည်ရှိနေသည်။ ဒါက လူသားတွေအတွက် ပုန်းခိုဖို့ အသင့်တော်ဆုံး နေရာပင်။ သစ်ပင်တို့နှင့် မနီးမဝေး၌ မြင်းတွေကို ဖမ်းရန် ထောင်ချောက်တွေ ဆင်ထားပြီး ဘယ်မြင်းမှ ခံနိုင်ရည် မရှိတဲ့ အထူးမြင်းစာနဲ့ မျှားခေါ်ထားသည်။

သူတို့က ချိုင့်ဝှမ်းတစ်လျှောက်လုံး ထိုကဲ့သို့သော ထောင်ချောက်တွေ

အများအပြား ပြင်ဆင်ထားသည်။ ထောင်ချောက်တစ်ခုစီ၌ ယုံကြည်ရတဲ့ လက်ထောက်တစ်ယောက်စီက စောင့်ကြပ်နေသည်။ ကျူးကျွင်းယန်နဲ့ ရှောင်ချောင်းတို့က ချိုင့်ဝှမ်းအတွင်းရှိ အတွင်းကျဆုံးနေရာမှ ထောင်ချောက်နားမှာ ပုန်းခိုနေကြသည်။ မကြာခင်ပဲ မြင်းအုပ်က စတင်လှုပ်ရှားလာသည်။ မြင်းစာရဲ့အနံ့က သူတို့ကို တကယ်ပဲ ဆွဲဆောင်နိုင်သည်။ မြင်းခေါင်းဆောင်က သတိပေးနေတာတောင် မြင်းရိုင်းတချို့က သူ့ကို လျစ်လျူရှုပြီး ချိုင့်ဝှမ်း၏ အပြင်ဆုံးအပိုင်းမှ ထောင်ချောက်ဆီကို ဦးတည်နေကြသည်။

မြင်းရိုင်းတချို့က အနံ့နဲ့ မျှားယူခံလိုက်ရသည်။ ထောင်ချောက်တွေဘေးမှာ ရှိနေတဲ့ လက်ထောက်တွေက အလျင်အမြန်ပဲ မြင်းစာတချို့ ထပ်ထုတ်ကာ ထောင်ချောက်များထဲသို့ တတ်နိုင်သမျှ တိတ်တဆိတ် ချထားလိုက်သည်။ မြင်းတစ်ကောင် ချဉ်းကပ်လာသည်နှင့် ထောင်ချောက်အနီးမှ လူက မြင်းစာအပိုတစ်ခု ထပ်ထည့်လိုက်ကြသည်။ မကြာခင်မှာပဲ ချိုင့်ဝှမ်းရဲ့ အတွင်းဆုံးအပိုင်းနဲ့ အနီးဆုံးဖြစ်တဲ့ ကျူးကျွင်းယန်ပင်လျှင် မြင်းစာတွေကို စတင်ထုတ်ရသည်။ ချိုင့်ဝှမ်းရဲ့ အပြင်ဆုံးအပိုင်းမှာ နေရာယူထားတဲ့ လက်ထောက်ကတော့ မြင်းတစ်ကောင်ကို မျှားယူပြီးနေပြီ ဖြစ်သည်။

"တစ်ကောင်ရောက်လာပြီ!"

ယွီရှောင်ချောင်းက ကျူးကျွင်းယန်ကို ပါးစပ်လှုပ်ပြီး အချက်ပေးလိုက်သည်။ မိန်းမပျိုလေးက လက်ရှိမှာ မြက်ခင်းပေါ်၌ ဝမ်းလျားမှောက်နေပြီး သူမခေါင်းပေါ်မှာ မြက်ဦးထုပ်တစ်လုံး ရှိနေသည်။ ဦးထုပ်ထိပ်၌ အရောင်စုံတဲ့ ပန်းပွင့်များဖြင့် အလှဆင်ထားသည်။ သူမက နဂိုလှပနူးညံ့တဲ့ မိန်းမပျိုလေးဖြစ်ပြီး ယခု ထိုကလေးဆန်တဲ့ ဦးထုပ်ကို ဆောင်းထားတဲ့အခါ ပိုလို့တောင် ရွှင်လန်း တက်ကြွနေတော့သည်။

အေးစက်ပြီး သတ်ဖြတ်ချင်စိတ်တို့ ထုတ်လွှတ်နေတတ်တဲ့ သူမဘေးမှ တော်ဝင်မင်းသားယန်လည်း သူ့ခေါင်းပေါ်မှာ တူညီတဲ့ ပန်းဦးထုပ်ကို ဆောင်းထားသည်။ တကယ်လို့ အခုချိန် သူ့လက်အောက်ငယ်သားတွေသာ သူ့ကို မြင်မယ်ဆိုရင် 'တစ်မိုးအောက်က အထင်ကရ ယောကျ်ားသားရဲ့ ပုံရိပ်တော့ ဒီလိုဖျက်ဆီးခံလိုက်ရတာပဲ!' ဆိုပြီး အားလုံး အံ့အားသင့်သွားကြလောက်သည်။

ကျူးကျွင်းယန်ရဲ့ ဖီးနစ်မျက်ဝန်းတို့က ကူကယ်ရာမဲ့နေသော အရိပ်အယောင်တစ်ခု ရှိနေလေသည်။ ဒီအူကြောင်ကြောင်ပုံစံနဲ့ မြက်ဦးထုပ်ကို သူ တကယ်ပဲ ချွတ်ပစ်လိုက်ချင်ပေမယ့် သူ့ဘေးမှ မိန်းမပျိုလေးက သူ ဒီဦးထုပ်ဆောင်းထားတာ အရမ်းချောတယ်ဟု ပြောနေသည်။ သူမ မြင်ဖူးတဲ့ လူတွေထဲမှာ သူက ဒီဦးထုပ်နဲ့ အလိုက်ဆုံးဆိုပြီးတောင် ပြောလိုက်သေးသည်။ သူ သူမရဲ့ အကြံဉာဏ်တွေကို မလိုက်နာဘဲ မနေနိုင်တာကြောင့် ဒီနေရာမှာ သူတို့နှစ်ယောက်ပဲ ရှိနေတာကို ဝမ်းသာသွားမိသည်။ သူ အခု ဘယ်လောက်တောင် ရူးနှမ်းတဲ့ပုံစံ ပေါက်နေလဲဆိုတာ မျက်မြင်တွေ့သွားမယ့် ဘယ်တတိယလူမှ ရှိမနေပေ။

သူက ရှောင်ချောင်းညွှန်ပြတဲ့ လားရာဘက်သို့ ကြည့်လိုက်တဲ့အခါ သန်မာထွားကြိုင်းတဲ့ အုန်းခွံရောင် မြင်းတစ်ကောင်က သူတို့ထောင်ချောက်ဆီ ဖြည်းညင်းစွာ ဦးတည်လာနေတာကို မြင်လိုက်ရသည်။ ထိုအုန်းခွံရောင်မြင်းက မြင်းရိုင်းအုပ်ထဲမှာ ခေါင်းဆောင်ပြီးရင် ဒုတိယနေရာ ဖြစ်နိုင်သည်။ ဒီမြင်းကို သူတို့ ကောင်းကောင်း ယဉ်ပါးအောင်လုပ်ပြီး လေ့ကျင့်ပေးနိုင်မယ်ဆိုရင် သူ့ရဲ့ လေကြမ်းလေးအောက် နိမ့်မှာ မဟုတ်ပေ! ကျူးကျွင်းယန်က ထိုအတွေးမှာ ချက်ချင်း အားတက်သွားပြီး ဒီမြင်းကို မျှားခေါ်ဖို့ သူ့ရဲ့ အာရုံတွေ အကုန်လုံးကို စုစည်းလိုက်သည်။

ထိုမြင်းက ပိုပိုပြီး နီးကပ်လာသည်။ အုန်းခွံရောင်မြင်းက ထောင်ချောက်ရဲ့ စက်ကွင်းအတွင်းသို့ ရောက်ရှိနေပြီ ဖြစ်ပြီး သူ့ပါးစပ်က သေချာပြုလုပ်ထားတဲ့ ကျော့ကွင်းထဲသို့ ဝင်နေလေပြီ။ ရုတ်တရက် သူက အန္တရာယ်တစ်ခုခု ခံစားမိသလိုမျိုး သူ့ခေါင်းကို မော့လိုက်ကာ ခြေလှမ်းအနည်းငယ် နောက်ပြန်ဆုတ် လိုက်သည်။ သို့ပေမယ့် မြင်းစာရဲ့အနံ့က အရမ်း စွဲလမ်းစရာကောင်းနေသည်။ ထိုအရာက အချိန်အတော်ကြာ ဆာလောင်ငတ်မွတ်နေခဲ့တဲ့ လူတစ်ယောက် အတွက် ဝက်သားနီနှပ်ရဲ့ မွှေးပျံ့တဲ့ အနံ့လိုပင်။ ထိုလူရဲ့ စိတ်ခွန်အားက ဘယ်လောက်ပဲ ခိုင်မာနေပါစေ အဆုံးမှာ ထိုစားစရာကို မစားဘဲ နေနိုင်မည် မဟုတ်ပေ။ ထိုသို့ဆိုလျှင် မြင်းတစ်ကောင်က ဒါကို ဘယ်လိုလုပ် ခံနိုင်ရည် ရှိနိုင်မှာလဲ?

အုန်းခွံရောင်မြင်းက ဘယ်ညာကို တစ်ချက်ကြည့်လိုက်ကာ ထူးဆန်းတာတစ်ခုမှ မမြင်မိတာကြောင့် ရှေ့သို့ နောက်တစ်ကြိမ် လှမ်းလိုက်သည်။ သူက သူ့ရဲ့ ရှည်လျားတဲ့ လည်ပင်းကို ဆန့်ထုတ်ပြီး မြင်းစာကို ကိုက်ဆွဲကာ ယူလိုက်သည်။ သူက မျက်လုံးမှိတ်ပြီး ထိုစားစရာရဲ့ အရသာကို ခံစားကြည့်လိုက်သည်။ ဒါက တကယ်ကို အရမ်းအရသာရှိတာပဲ! ပြောရရင် ဒီအစာက သူ့ကို ပိုပြီး အင်အားကြီး သန်မာလာအောင် ကူညီပေးတဲ့ အစွမ်းတစ်ခု ရှိနေတယ်ဆိုတာ သူပြောနိုင်သည်။ သူသာ ဒါကို အများကြီး စားနိုင်ရင် အနာဂတ်မှာ ခေါင်းဆောင်နဲ့ စိန်ခေါ်နိုင်ပြီး အုပ်စုကို လွှဲပြောင်းယူနိုင်လောက်သည်။ အဲ့လိုဆို သူက ခေါင်းဆောင် ဖြစ်လာနိုင်လိမ့်မည်!

အရသာရှိတဲ့ စားစရာကြောင့် အကာအကွယ် လုံးဝမဲ့သွားတဲ့ အုန်းခွံရောင်မြင်းရဲ့ ဦးခေါင်းက ကျော့ကွင်းထဲ အပြည့်ဝင်လာပြီး အထဲက မြင်းစာ အကြွင်းအကျန် တချို့ကို စားနေသည်။ ဒီအခွင့်အရေးကို အသုံးချပြီး ကျူးကျွင်းယန်က ကြိုးကို အားပါပါ ဆွဲလိုက်ကာ အုန်းခွံရောင်မြင်းရဲ့

လည်ပင်းတဝိုက်က ကျော့ကွင်းကို တင်းလိုက်သည်။ လန့်ဖျတ်သွားတဲ့ မြင်းက ကြောက်ရွံ့စွာနဲ့ တစ်ချက် ဟီလိုက်ပြီး ကြိုးမှ လွတ်မြောက်ရန် အားကုန်ရုန်းတော့သည်။ ကံဆိုးစွာနဲ့ ဒါက မြင်းအတွက် အရမ်း နောက်ကျ သွားလေပြီ။ သူက ထိုခိုင်ခံ့တဲ့ကြိုးရဲ့ တင်းတင်းကြပ်ကြပ် ထိန်းချုပ်ခြင်းကို ခံထားရပြီ ဖြစ်ပြီး ကြိုးရဲ့တစ်ဖက်အစွန်ကို ကိုင်ထားတဲ့လူက လက်နှစ်ဖက် လုံးမှာ ကြောက်စရာကောင်းလောက်တဲ့ ခွန်အားတွေရှိနေတဲ့ ကျူးကျွင်း ယန်ပင်ဖြစ်သည်။

အုန်းခွံရောင်မြင်းရဲ့ ထိတ်လန့်တကြား အော်သံက အချက်ပေးမှုတစ်ခု ဖြစ်သွားပုံပေါ်သည်။ တခြားထောင်ချောက်များမှ မြင်းတွေရဲ့ ဟီသံတွေကို လည်း ကြားလာရသည်။ ကံကောင်းပြီး လွတ်မြောက်သွားတဲ့ မြင်းတွေ ကတော့ မကြာခင်မှာ သူတို့ရဲ့ ခွာပေါက်သံတွေကို တဝုန်းဝုန်း ကြားလိုက်ရ သည်။ တော်ဝင်မင်းသားယန်က သူ့လက်ထောက်တွေရဲ့ အော်ဟစ်သံတွေ ကိုလည်း ကြားနေရသည်။

"ကောင်မလေး, ဟိုမှာကြည့်..."

ကျူးကျွင်းယန်က သူ့ခေါင်းကို ရှောင်ချောင်းပုန်းနေတဲ့ နေရာဘက်သို့ လှည့်လိုက်တဲ့အခါ ထိုပိန်ပါးနူးညံ့တဲ့ ကောင်မလေးရဲ့ပုံရိပ် မရှိတော့တာကို တွေ့လိုက်ရသည်။ သူ အစောပိုင်းက လုပ်နေတဲ့ အလုပ်ပေါ်ပဲ အာရုံရောက် နေခဲ့တာကြောင့် ကောင်မလေး ဘယ်အချိန် ထွက်သွားတယ်ဆိုတာ မသိ လိုက်ပေ။ ကံကောင်းစွာနဲ့ သူတို့တဝိုက်မှာ တခြားဘယ်သူမှ ရှိမနေတာ ကြောင့် တစ်ယောက်ယောက်က သူမကို ပြန်ပေးဆွဲသွားတာ မဟုတ်တာ တော့ အတော်လေး သေချာသည်။

သူက ကြိုးပေါ်မှ လက်ကို တင်းတင်းဆုပ်လိုက်သည်။ ထိုအုန်းခွံရောင် မြင်းက ဘယ်လောက်ပဲ ခုန်ပေါက်ပြီး ရုန်းရုန်း မလွတ်နိုင်ပေ။ ကျူးကျွင်း

ယန်က မြင်းကျောပေါ်သို့ ခုန်တက်လိုက်ပြီး သူ့ခြေထောက်နှစ်ဖက်နှင့် တင်းတင်းချုပ်ကာ မြဲနေအောင် ထိုင်လိုက်သည်။ မောက်မာရိုင်းစိုင်းတဲ့ မြင်းတစ်ကောင်က လူသားတစ်ဦးကို လွယ်လွယ်နဲ့ တက်စီးခွင့် ပြုနိုင်ပါ့မလား? အုန်းခွံရောင်မြင်းက ထိတ်လန့်ကာ ဒေါသထွက်သွားပြီး ဒီမုန်းစရာကောင်းတဲ့ လူသားကို ဖယ်ထုတ်ပစ်ဖို့ အထက်အောက် ခုန်ပေါက်ကာ အားရှိသရွေ့ ခါချတော့သည်။ သို့ပေမယ့် ကျူးကျွင်းယန်ရဲ့ မြင်းစီးစွမ်းရည်တွေက အထူးကောင်းမွန်ပြီး မြင်းတွေကို ယဉ်ပါးအောင်လုပ်ခြင်းနဲ့ လေ့ကျင့်ပေးခြင်းတို့မှာ အတော်လေး ကျွမ်းကျင်သည်။ သူက မြင်းကျောပေါ်မှာ ကျောက်ချထားသလိုပင် ထင်မှတ်ရသည်။ အုန်းခွံရောင်မြင်းက သူ့ကို ခါထုတ်ဖို့ ကြိုးစားနေတာကို ခုခံရင်း ယွီရှောင်ချောင်းရဲ့ အရိပ်အယောင်ကို ရှာဖို့ ထိုဧရိယာကို အလျင်အမြန် မျက်လုံးကစားလိုက်သည်။

ဒီနေ့ သူမကိုယ်သူမ ကောင်းကောင်း ပုန်းကွယ်နိုင်ရန်အတွက် ရှောင်ချောင်းက အထူးအနေနဲ့ အစိမ်းနုရောင် အဝတ်အစားကို ဝတ်ဆင်ထားပြီး မြက်ဦးထုပ်ကိုလည်း ဆောင်းထားသည်။ ထိုသို့ ဝတ်ဆင်ထားခြင်းကြောင့် သူမက ဘေးပတ်ဝန်းကျင်နှင့် အတော်လေး ရောနှောလို့နေသည်။ သို့ပေမယ့် ကျူးကျွင်းယန်ကတော့ သူမရှိနေတဲ့ နေရာကို အမြင်စူးရှစွာနဲ့ ရှာဖွေနိုင်ဆဲပင်။

အဲ့ကောင်မလေးက တကယ် မလွယ်ကြောလေးပင်။ သူမက ဘယ်အချိန်မှာ ဘယ်လိုနည်းနဲ့ မြင်းအုပ်ဆီကို ချဉ်းကပ်နိုင်သွားတယ်ဆိုတာ မသိပေမဲ့ မြင်းအုပ်စုကလည်း သူမအား လုံးဝ ငြင်းဆန်နေပုံ မပေါ်ပေ။ အုန်းခွံရောင်မြင်းက ခုခံတဲ့အနေနဲ့ အော်ဟစ်မြည်တမ်းတဲ့အခါ နဂို တည်ငြိမ်အေးဆေးနေခဲ့တဲ့ မြင်းအုပ်က လှုပ်လှုပ်ရှားရှား စဖြစ်လာသည်။ မြင်းတွေရဲ့ ကတိုက်ကရိုက် လှုပ်ရှားမှုတွေက ကောင်မလေးကို မတော်တဆ ခိုက်မိ

သွားမှာစိုးပြီး ကျူးကျွင်းယန်ရဲ့ ရင်ထဲမှာ စိုးရိမ်ပူပန်မှုတွေ မြင့်တက်သွား တော့သည်။

ဒါ အမှန်ပင်။ ကျူးကျွင်းယန်က အုန်းခွံရောင်မြင်းကို မှုားခေါ် ထောင်ချောက်ဆင်တဲ့အပေါ် သူ့အာရုံတစ်ခုလုံး စူးစိုက်နေချိန် ရှောင် ချောင်းမှာ ရုတ်တရက် အကြံတစ်ခု ပေါ်လာခဲ့သည်။ သူမက သူမကိုယ်ပေါ် ကို အံ့ဖွယ်ကျောက်တုံးရေတချို့ ဖျန်းလိုက်ပြီး သူမရဲ့ 'မြင်းစာ'အိတ်နဲ့အတူ ထိုပုန်းခိုရာနေရာမှ ဂရုတစိုက် ထွက်လာခဲ့သည်။ သူမက မြင်းရိုင်းအုပ်ဆီ သို့ တစ်လှမ်းချင်းတစ်လှမ်း ဖြည်းညင်းစွာ ဦးတည်သွားလိုက်သည်။

မျှော်လင့်ထားသလိုပဲ မြင်းအုပ်ထဲရှိ မြင်းတွေက သူမကိုယ်ပေါ်မှ အံ့ဖွယ် ကျောက်တုံးရေနံ့ကို ရတဲ့အခါ သူမကို မငြင်းဆန်ကြပေ။ အဲ့ဒီအစား တချို့ မြင်းတွေက ရူးရူးမိုက်မိုက်နဲ့ သူမထံ တိုးကပ်လာကြပြီး သူမခန္ဓာကိုယ်ကို နှာခေါင်းနဲ့ သာသာလေး နမ်းကြည့်လာကြသည်။ သူတို့က သူမကို လျှာဖြင့် လျက်လုမတတ်ပင်။

ယွီရှောင်ချောင်းက မျက်နှာတစ်ပြင်လုံး မြင်းသွားရည်တွေအပြည့်နဲ့ မ ဖြစ်ချင်တာကြောင့် သူမအိတ်ထဲမှ အံ့ဖွယ်ကျောက်တုံးရေ စွတ်ပြီးသား အစာကို နည်းနည်းလောက် ထုတ်ကာ သူမဘေးမှာရှိတဲ့ မြင်းတွေထဲမှ တစ် ကောင်ဆီသို့ ဂရုတစိုက် ကမ်းပေးလိုက်သည်။ မြင်းရိုင်းတွေက အတော် လေး အကဲဆတ်တယ်ဆိုတာ သူမ သိတာကြောင့် သူမရဲ့ လှုပ်ရှားမှုတွေက အရမ်းကြီးလွန်းသွားပြီး သူတို့ကို ခြောက်လန့်မိမှာ စိုးရသည်။ ကံကောင်း စွာနဲ့ မြင်းတွေက သူမလက်ထဲမှ အစာဆီကိုပဲ အပြည့်အဝ အာရုံစိုက်နေကြ သည်။ အညိုဖျော့ရောင် မြင်းတစ်ကောင်က စူးစူးစမ်းစမ်းနဲ့ သူ့ပါးစပ်ကို ဟကာ သူမလက်ထဲမှ 'မြင်းစာ'ကို ဝါးစားလိုက်သည်။ သူက ထိုအစာကို သိသိသာသာကြီး နှစ်ခြိုက်နေတယ်ဆိုတာ တခြားမြင်းတွေ မြင်တဲ့အခါမှာ

သူတို့လည်း သူမဆီကနေ စားစရာ လာတောင်းကြတော့သည်။

ဘေးလူတစ်ယောက်သာမြင်လျှင် ထိုမြင်းတွေက လူတွေနဲ့မရင်းနှီးတဲ့ မယဉ်ပါးတဲ့ မြင်းရိုင်းတွေဆိုတာ ယုံကြလိမ့်မည် မဟုတ်ပေ။

ရှောင်ချောင်းကို ပိုလို့ ပျော်ရွှင်စေတာက စင်းလုံးချော ဖြူဖွေးနေတဲ့ မြင်းခေါင်းဆောင်ကလည်း သူမ အနားကပ်လာတာကို ငြင်းဆန်တဲ့ပုံ မပေါ်တာပင်။ အဖြူရောင်မြင်းက ပိုပြီးချဉ်းကပ်ရ ခက်တဲ့ပုံစံ ရှိသည်။ သူလည်း သူမလက်ထဲမှ မြင်းစာကို စိတ်ဝင်စားနေပေမယ့် တခြားမြင်းတွေ တိုးဝှေ့နေချိန်မှာ သူကတော့ ငြိမ်သက်စွာပဲ ဆက်ရပ်နေလေသည်။ သူ့ရဲ့ ကြီးမားတည်ငြိမ်တဲ့ အနက်ရောင် မျက်လုံးတွေက မာန်မာန အနည်းငယ်ဖြင့် ရှောင်ချောင်းကို ခပ်သာသာ ငေးကြည့်နေကြသည်။ သူက သူမကို အန္တရာယ်ရှိတဲ့ လူတစ်ယောက်ဟု သတ်မှတ်ပုံမရဘဲ သူ့ဘက်ကလူဟု မှတ်ယူထားပုံရသည်။ သူမကိုယ်က ထုတ်လွှတ်နေတဲ့ အံ့ဖွယ်ကျောက်တုံးရေရဲ့ အနံ့က သက်ရှိတွေရဲ့ ကန့်သတ်ချက်တွေကို ကျော်လွှားနိုင်ပြီး ဘယ်သတ္တဝါကိုမဆို သူမအနား တိုးကပ်ချင်လာအောင် လုပ်နိုင်စွမ်းရှိသည်။

ရှောင်ချောင်းက အဖြူရောင်မြင်းဆီကို ဂရုတစိုက်နဲ့ ဖြည်းညင်းစွာ တိုးကပ်သွားလိုက်သည်။ ထိုမြင်းက သူမရဲ့ ကြိုးပမ်းမှုကို မငြင်းဆန်တာ မြင်တဲ့အခါ ချိုသာစွာ ပြုံးပြလိုက်ပြီး ‘မြင်းစာ’တချို့ ကမ်းပေးလိုက်သည်။ အဖြူရောင်မြင်းက ရှောင်ချောင်းပေးလာတဲ့ အစာကို သူနဲ့ ထိုက်တန်သလိုမျိုး သဘာဝဆန်ဆန်ပဲ ယူသွားသည်။ အဲ့ဒီနောက် ဘက်လိုက်တဲ့ ရှောင်ချောင်းက သူမအိတ်ထဲမှ အစာအားလုံးကို ဒီဖြူစွတ်နေတဲ့လေးအား အကုန်ကျွေးလိုက်တော့သည်။

သူမ စီးနေတဲ့ မြင်းဖြူကလည်း အတော်လေး လှပေမယ့် ဒီမြင်းနဲ့ယှဉ်လိုက်ရင် အညတရသာသာပင်။ သူမရှေ့မှာ ရှိနေတဲ့ မြင်းဖြူက မြင်းတစ်

ကောင်မှာ ရှိသင့်တဲ့ ပုံပန်းသဏ္ဍာန်တွေနဲ့ ပြည့်စုံပြီး ပြစ်ချက် တစ်ခုကိုမှ သူမ ရှာလို့မတွေ့ပေ။

မြင်းဖြူက သူမရဲ့အစာကို စားပြီးနောက် ယခု သူမနှင့် ပိုပြီးရင်းနှီးသွားခဲ့သည်။ သူ့လည်ပင်းကို ပွတ်ပေးဖို့ သူမလက်ကို ထုတ်လိုက်တဲ့အခါ သူက သူမရဲ့ ချဉ်းကပ်လာမှုကို လုံးဝမငြင်းဆန်ခဲ့ပေ။ ပြောရရင် သူက သူမရဲ့ မာနကြီးတဲ့ အနီရောင်လေးထက်တောင် ပိုပြီး ညင်သာနူးညံ့သေးသည်။

သို့ပေမယ့် သူ့ရဲ့နူးညံ့တဲ့ဘက်ခြမ်းက မြင်းတွေရဲ့ ကြောက်လန့်တကြား ဟီသံတွေကို ကြားတဲ့အခါ ရုတ်ချည်း ပျောက်ကွယ်သွားတော့သည်။ မြင်းအုပ်ရဲ့ခေါင်းဆောင်အနေနဲ့ သူက သူ့လည်ပင်းကို ဆန့်ထုတ်ကာ သူ့ခွာတွေကို မြေပေါ်ပေါက်ရင်း အမိန့်တစ်ခု အော်ပေးလိုက်သည်။ ရှောင်ချောင်းပတ်လည်က တခြားမြင်းတွေက စိတ်မငြိမ်မသက်နဲ့ စတင်လှုပ်ရှားလာကြသည်။ မြင်းအုပ်အပြင်ဘက်မှ မြင်းတွေကလည်း အဖြူရောင်မြင်းရဲ့ သတိပေးအော်သံကို ကြားတဲ့အခါ ကြောက်လန့်စွာနဲ့ တောင်ကြားအတွင်းသို့ ဆုတ်ခွာထွက်ပြေးသွားကြတော့သည်။

***